ဒီးဒုတ်ကန်ကျေးရွာ

ဒီးဒုတ်ကန်ကျေးရွာအုပ်စု၊ မင်းလှမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဒီးဒုတ်ကန်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

အောက်တိုဘာလ၊ ၂၀၁၈

# မာတိကာ


မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဒီးဒုတ်ကန်ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး


တိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာလ ၊ ၂၀၁၈ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒီးဒုတ်ကန်ကျေးရွာ

မင်းလှမြို့နယ်



သယံဇာတပြမြေပုံ
25.5.2018
N
W
E
ရေးဆွဲသူ
U Kyaw Thu Min.
U Than Soe Lwin
and Group.
အားကစားကွင်း

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

ဒီးဒုတ်ကန်ကျေးရွာသည် ဒီးဒုတ်ကန်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး မင်းလှမြို့နှင့် (၂၄)မိုင်ခန့် ကွာဝေးပြီး မကွေးတိုင်းဒေသကြီး ၊ မကွေးမြို့နှင့် (၄၄) မိုင်ခန့် ကွာဝေးပါသည်။ ဒီးဒုတ်ကန်ကျေးရွာသည် စစ္စနို့-ကန်တုတ်လမ်းမကြီးပေါ်တွင် တည်ရှိသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ ကျေးရွာသည် မြေပြန့်အနေအထားတွင်တည်ရှိပြီး ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ကျေးရွာ၊ ရေကန်များသည် အရှေ့မှ အနောက်သို့ အစဉ်လိုက် တည်ရှိပြီး နေချင်စဖွယ် ကျေးရွာဖြစ်ပါသည်။ ကျေးရွာသည် မြေပြန့်အနေအထားတွင် တည်ရှိသောကြောင့် ယာမြေများ ပေါ်များပြီး မြေဆီလွှာ အနေအထားမှာ အသင့်အတင့် အနေအထား ရှိပါသည်။ အဓိက စိုက်ပျိုးသီးနှံမှာ နှမ်း ၊ ပဲအမျိုးမျိုးနှင့် ဝါတို့ကို အဓိက စိုက်ပျိုးကြပါသည်။

## ၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မင်းလှမြို့နယ်၊ ဒီးဒုတ်ကန်ကျေးရွာအုပ်စု၊ ဒီးဒုတ်ကန်ကျေးရွာသည် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ဝါအများဆုံး ထွက်ရှိသောဒေသဖြစ်ပါသည်။ ကျေးရွာတွင် မြစ်၊ ချောင်းနှင့် ဆည်မြောင်းများမရှိ၍ စိုက်ပျိုးရေးအတွက် ရာသီဥတုကို အဓိကအားထား၍ စိုက်ပျိုးရပါသည်။ ရာသီဥတုမမှန်ကန်ခြင်း၊ မိုးများခြင်းနှင့် မိုးခေါင်ခြင်းတို့ကြောင့် သီးနှံများ စိုက်ပျိုးရခြင်း မလွယ်ကူလှပါ။ ကျေးရွာတွင် ယာမြေ အသင့်အတင့်ရှိပြီး မြေဆီလွှာ အနေအထားမှာလည်း အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာ၏ တောင်ကုန်း၊ တောင်တန်း၊ သစ်တောများ၊ ချောင်းများရှိခြင်းကြောင့် မြေနီသဲထုတ်လုပ်နိုင်ခြင်းနှင့် ချောင်းသဲထုတ်လုပ်နိုင်ပါသည်။ ရွာ၏ စိုက်ပျိုးထွန်ယက်မြေဧကမှာ (၁၂၃၉) ဧကရှိပြီး နှမ်း၊ ပဲအမျိုးမျိုး၊ ဝါနှင့် ငရုတ်သီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။

## ၄။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၇) ဖွဲ့ ရှိပါသည်။ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းသည် ကျေးရွာတွင်းရှိ လူငယ်များ၊ လူလတ်ပိုင်းများ၊ ရပ်မိရပ်ဖများနှင့် ဖွဲ့စည်းထားသောကြောင့် အကြီးမားဆုံးသော အဖွဲ့ဖြစ်ပါသည်။ ကျန်သော အဖွဲ့များသည် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းနှင့် သဘောတရားရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ကြပါသည်။ သို့သော်အလုပ်လုပ်ကြသော်လည်း နည်းစနစ် မှန်ကန်မှုမရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် လူငယ်၊ လူလတ်ပိုင်းများအား စီမံခန့်ခွဲရေးဆိုင်ရာ သင်တန်းများ ပို့ချပေးရန် လိုအပ်ပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျအားဖြင့် အလယ်အလတ်အဆင့် အနေအထား ရှိသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု(၃၃၃)စု၏ (၃၁.၈၃%)ခန့်သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ (၅၉.၁၅%) ခန့်မှာ ချောင်လည်သည်ဟု ဆုံးဖြတ်ကြပါသည်။ ဆင်းရဲသည်ဟု သတ်မှတ်ထားသူများသည် မြေယာမဲ့နှင့် စိုက်ပျိုးမြေ (၁) ဧကမှ (၃) ဧကအတွင်း ပိုင်ဆိုင်သူများ၊ ကျပန်းအလုပ်သမားများဖြစ်ကြပါသည်။ အိမ်အခြေအနေမှာ သက္ကယ်မိုး၊ ထရံကာ အမျိုးအစား ဖြစ်ပါသည်။

အဆင်ပြေသောမိသားစုများသည် စိုက်ပျိုးမြေ (၅) ဧကနှင့် (၁၂.၅) ဧကအတွင်း ပိုင်ဆိုင်ကြပြီး အလယ်အလတ်အဆင့် မိသားစုများသည် စိုက်ပျိုးမြေ (၂.၅) ဧကမှ (၅) ဧကကြား ပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ ကျေးရွာတွင်း၌ RC တိုက်၊ ၄ ပင်တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ခင်းပျဉ်ကာ ဖြစ်ပြီး ဖောကား၊ ကားကြီး ၊ ကားလေး ပိုင်ဆိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။

## (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ဒီးဒုတ်ကန်ကျေးရွာအနေဖြင့် အနီးဆုံးဈေးကို ကျေးရွာနှင့် (၂)မိုင်ခန့် ကွာဝေးသည့် ရေနံမကျေးရွာဈေးသို့လည်းကောင်း၊ အကြီးစားဈေးကွက်ကို ကျေးရွာနှင့် (၄၄)မိုင်ခန့် ကွာဝေးသည့် မကွေး၊ မင်းဘူးဈေးသို့လည်းကောင်း သွားရောက်ကြပါသည်။

ဒီးဒုတ်ကန်ကျေးရွာ၏ လက်ရှိကျောင်းဆောင်များမှာ ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီ ဖြစ်သောကြောင့် အန္တရာယ်ရှိသည့် အဆောက်အအုံအဆင့် ရောက်ရှိနေပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းဆောင်ကို အလျား (၁၀၈)ပေ၊ အနံ (၃၆)ပေ၊ အမြင့် (၁၂)ပေ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင်ဖြစ်ပါသည်။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂ အနည်းငယ်သာရှိ၍ လုံလောက်မှု မရှိပါ။ ကျောင်းဖွင့်ရာသီတွင် မူလတန်း ကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များ၊ ကျောင်းဝတ်စုံ(၁)စုံစီတို့ကို အခမဲ့ ပံ့ပိုးပေးသည်ကို တွေ့ရပါသည်။

ကျေးရွာတွင်းရှိ ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပြီး မော်တော်ဆိုင်ကယ် (၂၇၉) စီးနှင့် စက်ဘီး (၄၄) စီးတို့ကို အသုံးပြုပြီး သွားလာရေးအတွက် အဆင်ပြေလွယ်ကူချောမွေ့လျှက် ရှိပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ တိုက်နယ်ဆေးရုံနှင့် (၂) မိုင်ခန့် အကွာတွင် တည်ရှိသောကြောင့် ကျန်းမာရေးအတွက် လက်လှမ်းမီပါသည်။

သောက်ရေအတွက် မိုးရေကိုသာ အဓိက အားထားပြီး မိုးနှောင်းနှင့် ဆောင်းပိုင်းတို့တွင် အဝီစိတွင်းရေနှင့် ကန်ရေတို့ကို အသုံးပြုကြပါသည်။ သုံးရေအဖြစ် အားထားသုံးစွဲကြသည့် တစ်ရွာ

လုံးနီးပါးသည် ယင်လုံအိမ်သာကိုသာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွား တတ်သော ရောဂါဖြစ်ပွားမှု နည်းပါသည်။ စာသင်ကျောင်းရှိ ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် အသုံးပြုရန် အလွန်လွယ်ကူပါသည်။

ကျေးရွာတွင် ဒီဇယ်အင်ဂျင်မီးကို အသုံးပြုရပါသည်။ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုကြသည်။ အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သဖြင့် တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ် ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် သမဝါယမချေးငွေလုပ်ငန်း ရှိပါသည်။ ကျေးရွာတွင်း ဘုရားမီး ပဒေသာပင်မှ အတိုးနှုန်း (၃%)ဖြင့် ချေးယူနိုင်သော်လည်း ရရှိငွေမှာ အလွန်နည်းပါးသောကြောင့် လုပ်ငန်း ဆောင်ရွက်ရန်အတွက် အရင်းအနှီး ငွေကြေးလိုအပ်သည့်အတွက် နိုင်ငံတော်အနေဖြင့် ငွေကြေး ဝန်ဆောင်မှု ပေးနိုင်သော အစီအစဉ်များ ဆောင်ရွက်ပေးရန် လိုအပ်လျှက် ရှိပါသည်။

## (င) ပညာရေး

ဒီးဒုတ်ကန်ကျေးရွာတွင် စာမတတ်သူဦးရေ နည်းပါးပြီး အထက်တန်းအဆင့်ရှိသူနှင့် ဘွဲ့ရ ပညာတတ်များမှာ အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် အလယ်တန်းအဆင့်ထိ ဖွင့်လှစ်ထား သော်လည်း ကျေးရွာ၏ ကျောင်းသားဦးရေနှင့် ဆရာ၊ ဆရာမအချိုးမှာ ကိုက်ညီမှုမရှိပါ။ လက်ရှိကျောင်းဆောင်များမှာ ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားပြီး နှစ်ပေါင်းကြာမြင့်ပြီ ဖြစ်သောကြောင့် အန္တရာယ်ရှိသော အနေအထားတွင်ရှိပြီး ဆရာဦးရေလုံလောက်မှုမရှိခြင်းကြောင့် ကျောင်းသား/သူများထံမှ ငွေကြေး ကောက်ခံ၍ ငှားရမ်းသင်ကြားနေရပါသည်။ ဆရာဦးရေ (၃) ဦး ပြောင်းရွှေ့မှုရှိသောနှစ်များတွင် အစားထိုး ပြန်လည်ရရှိမှုမရှိပါ။ လက်ရှိပညာသင်ကြားမှုစနစ်အရ သင်ထောက်ကူပစ္စည်းရရှိမှု အားနည်းသောကြောင့် အခက်အခဲများစွာ ရှိပါသည်။ အထက်တန်း ပညာသင်ကြားရန် အခြားအထက်တန်းကျောင်းများသို့ သွားရောက်သင်ကြားရသောကြောင့် အခက်အခဲရှိသည့်အတွက် အထက်တန်းအဆင့် ပြီးမြောက်ရန် လိုအပ်လျှက် ရှိပါသည်။ ကျေးရွာ တွင် ပညာတတ်ဘွဲ့ရလူငယ်များရှိသော်လည်း အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်လျှက် ရှိပါသည်။

## (စ) ကျန်းမာရေး

ဒီးဒုတ်ကန်ကျေးရွာရှိ ကျေးရွာလူထုအနေဖြင့် ရွာတွင်းရှိ သောက်ရေတွင်းမှရေသည် ငန်၍ ထုံး ဓာတ်များခြင်းကြောင့် သွေးတိုးရောဂါနှင့် ဆီးချို၊ သွေးချိုရောဂါများဖြစ်ပြီး သွေးတိုးရောဂါမှာ အဖြစ်များ၍ ရာသီအလိုက် ဖျားနာခြင်း၊ အအေးမိခြင်းတို့ ဖြစ်ကြပါသည်။ ကျေးရွာတွင် ဆေးပေး

ခန်းမရှိဘဲ တိုက်နယ်ဆေးရုံမှ ဆရာဝန်၊ ဆရာမများမှ သတ်မှတ်ချိန်တွင် ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးဝါးတိုက် ကျွေးခြင်းတို့ လာရောက်ဆောင်ရွက်ပေးလျှက် ရှိပါသည်။ တိုက်နယ်ဆေးရုံနှင့် (၂) မိုင်ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်၍ အခက်အခဲ မရှိသော်လည်း ရောဂါကြီး များအတွက် မင်းလှမြို့ နယ် ဆေးရုံနှင့် တိုင်းဆေးရုံများသို့ သွားရောက်ကုသရပါသည်။

## (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဒီးဒုတ်ကန်ကျေးရွာတွင် ယာမြေများမှာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်ခြင်းနှင့် အခြား သယံဇာတ အနည်းငယ်သာ ထွက်ရှိပါသည်။ မိုးဦးကာလ နှမ်းစိုက်ပျိုးချိန်တွင် မိုးများအဆက်မပြတ် ရွာသွန်းခြင်းကြောင့် နှမ်းပင်ပေါက်များ သေကြေပျက်စီးကြရသည်။ နှမ်းကို မေလနှင့် ဇွန်လဆန်းပိုင်းတို့တွင် စိုက်ပျိုးကြ၍ ၎င်းရက်များတွင် မိုးများခြင်း၊ မိုးစွေခြင်းများကြောင့် အချိန်ကာလကျော်လွန် စိုက်ပျိုးရခြင်းကြောင့် သီးနှံအထွက်နှုန်း နည်းပါးခြင်းနှင့် စိုက်ချိန်မမီခြင်း တို့ကို တွေ့ရပါသည်။

ကျေးရွာတွင် နှမ်း၊ ပဲ၊ ဝါ ၊ ငရုတ်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုး သတ်ဆေးနှင့် ဓာတုမြေသြဇာ သုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင် ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများ ကိုသာ အသုံးပြုမှု များပြားလာသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွန်၊ ပုလင်းခွန်၊ ဗူးခွန်များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါသည်။

ဒီးဒုတ်ကန်ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိသောကြောင့် ရေလွှမ်းမိုးမှုနှင့် မုန်တိုင်း ဒဏ် ခံရမှုမရှိပါ။ မိုးဦးကျအချိန်များတွင်သာ အားပျော့သော မုန်တိုင်းဝင်ရောက်မှု တစ်ခါတစ်ရံ တွေ့ကြုံရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းမှာ သဘာဝအန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲ ဖြစ်ပါသည်။

## (ဇ) ကျား – မ ရေးရာ

ကျေးရွာတွင် ကျား-မရေးရာ တာဝန်ယူမှုအပိုင်းတွင် ကျေးရွာလူမှု အဖွဲ့အစည်းများ၏ ဝိုင်းဝန်းထိန်းသိမ်းမှု၊ ပြောဆိုဆုံးမမှုများရှိခြင်းကြောင့် ကျား-မကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းများကို မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားကိစ္စရပ် များတွင် အခွင့်အရေး တူညီစွာ ရရှိသည်ကို တွေ့ရပါသည်။ ပညာရေးနှင့်ဆိုင်သော ကိစ္စရပ်တွင် အမျိုးသား၊ အမျိုးသမီး ကွာဟချက် ကြီးကြီးမားမား မတွေ့ရပါ။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခ ဝင်ငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အား သဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသမီးများထက် လုပ်အားခ

လျော့နည်းပြီး ရရှိကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးများ ပါဝင်မှုမှာ အလွန်အားနည်းလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၅။ ဦးစားပေးစီမံချက်များ အကောင်အထည်ဖော်မည့် အချိန်ကာလ

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၈ ၂၀၁၉ | ၂၀၁၉ ၂၀၂၀ | ၂၀၂၀ ၂၀၂၁ | ၂၀၂၁ ၂၀၂၂ | ၂၀၂၂ ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းရေပိုက်လိုင်းသွယ်တန်းခြင်း | ၁ | √ | | | | |
| ၂ | မြေသားကန်ဘောင်အဆင့်မြှင့်တင်ခြင်းနှင့်ကန်အနက်အနိူက်ခြင်း | ၂ | | √ | | | |
| ၃ | သန့်ရှင်းသောသောက်သုံးရေရရှိရန်စက်ရေတွင်းတူးဖော်ခြင်း | ၃ | | | √ | | |
| ၄ | (၉၀' × ၃၀')စာသင်ဆောင်ဆောက်လုပ်ခြင်း | ၄ | | | | √ | |
| ၅ | အရင်းအနှီးနှင့်နည်းပညာပံ့ပိုးပေးခြင်း | ၅ | | | | | √ |
| ၆ | မြို့နယ်ပြန်ဆက်ဦးစီးဌာနနှင့်ချိတ်ဆက်၍စာပေဟောပြောပွဲများနှင့်စာဖတ်ဝိုင်းများကျင်းပခြင်း | ၆ | | | | | √ |
| ၇ | ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်း | ၇ | | | | | √ |
| ၈ | လျှပ်စစ်မီးသွယ်တန်းခြင်း | ၈ | | | √ | | |
| ၉ | တောင်သူအသိပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်း | ၉ | | √ | | | |
| ၁၀ | (၂၄' × ၂၇') စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၁၀ | | | | √ | |
| ၁၁ | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း၊ ဆေးဝါးနှင့် ကျန်းမာရေးဝန်ထမ်း တင်ပြတောင်းခံခြင်း | ၁၁ | | | | | √ |
| ၁၂ | မျိုးစေ့ဘဏ်တည်ထောင်ခြင်း | ၁၂ | | | | | √ |

**မင်းလှမြို့နယ် ၊ ဒီးဒုတ်ကန်ကျေးရွာအုပ်စု ၊ ဒီးဒုတ်ကန်ကျေးရွာ**

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းတံတား၊လျှပ်စစ်** | | | | | |
| | လျှပ်စစ်မီးမရရှိခြင်း | -မဟာဓာတ်အားလိုင်း | ပြည်သူလူထုမှငွေကြေး | လျှပ်စစ်ဦးစီးဌာနနှင့် | လျှပ်စစ်ဦးစီးဌာန | 11KV ဓာတ်အားလိုင်း |
| | | နှင့်ဝေးကွာခြင်း | ထည့်ဝင်နိုင်ခြင်း | ချိတ်ဆက်ဆောင်ရွက် | နှင့်ချိတ်ဆက်ခြင်း | မှ လျှပ်စစ်မီးသွယ်တန်း |
| | | | ကျေးရွာ(၇)ရွာချိတ်ဆက် | မှုအားနည်းခြင်း | မီးလင်းရေးကော်မ | ခြင်း |
| | | | ဆောင်ရွက်နိုင်ခြင်း | | တီဖွဲ့စည်းပြီးလျှပ် | |
| | | | | | စစ်မီးသွယ်တန်း | |
| | | | | | ခြင်း | |
| ၂ | **သောက်သုံးရေဖူလုံရေး** | | | | | |
| | ကျေးရွာတွင်းသောက် | -မြေသားရေကန်နှင့်ကျေး | ပြည်သူမှငွေကြေး၊လုပ် | နည်းပညာလိုအပ် | ကျေးလက်ဦးစီးဌာန | ကျေးရွာတွင်ရေပိုက် |
| | သုံးရေအလွယ်တကူ | ရွာအလှမ်းကွာဝေးခြင်း | အားထည့်ဝင်နိုင်ခြင်း | ခြင်း | နှင့်ချိတ်ဆက်ခြင်း | လိုင်းသွယ်တန်းခြင်း |
| | မရရှိခြင်း | -ရေသယ်ယူရန်ကျေးရွာ | ချောင်းသဲ၊ကျောက်စရစ် | ရန်ပုံငွေလိုအပ်ခြင်း | ကျေးရွာအလယ်ရှိ | |
| | | တွင် လှည်း၊နွားရှားပါး | များပေါများခြင်း | | အမြင့်ဆုံးမြေနေရာတွင် | |
| | | ခြင်း | ရေစုကန်တည်ဆောက် | | ရေစုကန်တည်ဆောက် | |
| | | | ရန်မြေနေရာရှိခြင်း | | ခြင်း | |
| | | | မြေသားရေကန်တွင်ရေ | | ရေပိုက်လိုင်းသွယ်တန်း | |
| | | | အလုံလောက်ရှိခြင်း | | ခြင်း | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | **သောက်သုံးရေဖူလုံရေး** | | | | | |
| | မြေသားရေကန် | -မြေသားရေကန် ကန် | ကျေးရွာတွင် ပုဂ္ဂလိက | စက်ယန္တရားငှားရမ်း | မြေသားရေကန်ပြုပြင် | မြေသားရေကန်အဆင့် |
| | အတွင်းရေသိုလှောင်မှု | ဘောင်နိမ့်ကျနေခြင်း | စက်ယန္တရားရှိခြင်း | ရန် ငွေကြေးမရှိခြင်း | ခြင်း | မြှင့်တင်ခြင်းနှင့်ကန် |
| | နည်းပါးခြင်း | -ကန်အတွင်းနုံးများနေ | | | ရေပိုလွှဲပြုပြင်ခြင်း | အနက်နှိုက်ခြင်း |
| | | ခြင်း | | | | |
| | သန့်ရှင်းသောသောက် | -စက်ရေတွင်းမှ ရေသည် | စက်ရေတွင်းတူးဖော်ရန် | ရန်ပုံငွေလိုအပ်ခြင်း | စက်ရေတွင်း(၁)တွင်း | သန့်ရှင်းသောသောက် |
| | ရေမရရှိခြင်း | ငံ၍ ထုံးဓာတ်များခြင်း | မြေနေရာရှိခြင်း | | တူးဖော်ခြင်း | သုံးရေရရှိရန် စက်ရေ |
| | | | (၈၀၀')ကျော်ရှိ CSRမှ | | | တွင်းတူးဖော်ခြင်း |
| | | | တူးဖော်ပေးသည့်စက် | | | |
| | | | ရေတွင်း(၁)တွင်းရှိခြင်း | | | |
| ၃ | **စိုက်ပျိုးရေးနှင့် မွေးမြူရေး** | | | | | |
| | သီးနှံအထွက်နှုန်း မ | -ရာသီဥတုမမှန်ခြင်း | စိုက်ပျိုးမြေဧကပေါများ | ကျေးရွာသို့ကွင်းဆင်း | စိုက်ပျိုးရေးဦးစီးဌာန၊ | တောင်သူအသိပညာ |
| | ကောင်းခြင်း | -စိုက်ပျိုးရေလုံလောက်မှု | ခြင်း | ဝန်ထမ်းလာရောက်မှု | စိုက်ပျိုးရေးကုမ္ပဏီ | ပေးဆွေးနွေးပွဲများ |
| | | မရှိခြင်း | | အားနည်းခြင်း | များနှင့်ချိတ်ဆက် | ပြုလုပ်ခြင်း |
| | | -စိုက်ပျိုးရေးအသိပညာ | | | ဆောင်ရွက်ခြင်း | |
| | | ဗဟုသုတအားနည်းခြင်း | | | | |
| | မျိုးကောင်းမျိုးသန့် | - အရင်းအနှီးမရှိခြင်း | လယ်/ဆည်ဌာနမှ မျိုး | တောင်သူများအသိ | တောင်သူများစုဖွဲ့၍မျိုး | မျိုးစေ့ဘဏ်တည် |
| | မစိုက်ပျိုးနိုင်ခြင်း | -မိရိုးဖလာစိုက်ပျိုးနည်း | ကောင်းမျိုးသန့်များအား | ပညာဗဟုသုတနည်း | ကောင်းမျိုးသန့်ရရှိရန် | ထောင်ခြင်း |
| | | ကိုသာအသုံးပြုခြင်း | သင့်တင့်သောဈေးနှုန်း | ခြင်း | စိုက်ပျိုးရေးဦးစီးဌာန | |
| | | -မျိုးကောင်းမျိုးသန့်များ | ဖြင့်ရောင်းချပေးလျှင် | ကွင်းဆင်းဝန်ထမ်း | နှင့်ချိတ်ဆက်ဆောင် | |
| | | ထုတ်ယူမည့်နည်းပညာ | တောင်သူများမှဝယ်ယူ | လာရောက်မှုအား | ရွက်ခြင်း | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | **စိုက်ပျိုးရေးနှင့် မွေးမြူရေး** | | | | | |
| | | မရှိခြင်း | တောင်သူများမှ၀ယ်ယူ | နည်းခြင်း | | |
| | | | စိုက်ပျိုးရန်စိတ်ပါ၀င်စား | | | |
| | | | မှုရှိခြင်း | | | |
| ၄ | **ပညာရေး** | | | | | |
| | ကျောင်းအဆောက် | -ကျောင်းသားဦးရေတိုး | စာသင်ဆောင်ဆောက် | ငွေကြေးမရှိခြင်း | ပညာရေးဌာနနှင့်ချိတ် | စာသင်ဆောင်ဆောက် |
| | အဦမလုံလောက်ခြင်း | ပွားလာခြင်း | လုပ်ရန်မြေနေရာရှိခြင်း | | ဆက်၍လိုအပ်ချက်များ | လုပ်ခြင်း |
| | | -စာသင်ဆောင်ခိုင်ခံ့မှု | | | တင်ပြတောင်းခံခြင်း | (အလျား ၉၀'၊ |
| | | မရှိခြင်း | | | | အနံ ၃၀') |
| ၅ | **ကျန်းမာရေး** | | | | | |
| | ကျေးရွာတွင်ကျန်းမာ | -တိုက်နယ်ဆေးရုံနှင့်နီး | မြေနေရာရှိခြင်း | တိုက်နယ်ဆေးရုံသို့ | ကျန်းမာရေးဦးစီးဌာန | ကျေးလက်ဆေးပေးခန်း |
| | ရေးဆေးပေးခန်းမရှိ | စပ်မှုရှိခြင်း | ချောင်းသဲ၊ကျောက်စရစ် | သွားရောက်ကုသရန် | နှင့်ချိတ်ဆက်၍ကျေး | ဆောက်လုပ်ခြင်း၊ဆေး |
| | ခြင်း | | ရှိခြင်း | ငွေကြေးအခက်အခဲ | လက်ဆေးပေးခန်း | ၀ါးနှင့်ကျန်းမာရေး |
| | | | ကျေးရွာလူထုမှလုပ် | ရှိခြင်း | ဆောက်လုပ်ခြင်း | ၀န်ထမ်းတင်ပြတောင်း |
| | | | အားထည့်၀င်နိုင်ခြင်း | | | ခံခြင်း |
| | မိုးရာသီတွင်သွေးလွန် | -မိုးကာကန်နှင့်ရေသို | ရေနံ့မတိုက်နယ်ဆေးရုံ | လတ်တလောအရေး | ဖုံး၊သွန်၊လဲ၊စစ်ပြုလုပ် | ကျန်းမာရေးအသိပညာ |
| | တုတ်ကွေးရောဂါဖြစ် | လှောင်ခြင်း | နှင့်နီးခြင်း | ပေါ်ကုသရန်ကျန်းမာ | ခြင်း | ပေးဟောပြောပွဲပြုလုပ် |
| | ပွားခြင်း | -ကျောက်စီစဉ့်အိုးများ | | ရေး၀န်ထမ်းမရှိခြင်း | ကူးစက်ခံရမှုမရှိအောင် | ခြင်း |
| | | အဖုံးမအုပ်ခြင်း | | | ကလေးအများဆုံးရှိ | |
| | | -မိုးရာသီတွင်ခြင်ပေါက် | | | သည့်ကျောင်းနှင့် | |
| | | ဖွားနှုန်းများခြင်း၊ကူးစက် | | | ကျောင်းပတ်၀န်းကျင် | |
| | | ခံရခြင်း | | | ဆေးဖြန်းခြင်း | |
| | | | | | ပညာပေးဟောပြောပွဲ | |
| | | | | | များဆောင်ရွက်ခြင်း | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၆ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| | စာကြည့်တိုက်အ | -ကျေးရွာမှငွေကြေးထည့် | စာကြည့်တိုက်ဆောက် | ငွေကြေးမရှိခြင်း | ပြန်ဆက်ဦးစီးဌာန၊ | စာကြည့်တိုက်ဆောက် |
| | ဆောက်အဦးအရျော | ဝင်နိုင်မှုမရှိတော့ခြင်း | လုပ်ရန်အုတ်မြစ်ချထား | | အလှူရှင်များနှင့်ချိတ် | လုပ်ခြင်း |
| | သတ်မဆောင်ရွက်နိုင် | -အခြားဖွံ့ဖြိုးရေးလုပ်ငန်း | ပြီးခြင်း | | ဆက်ဆောင်ရွက်ခြင်း | (၂၄' x ၂၇') |
| | ခြင်း | များတွင်ကျေးရွာလူထုမှ | ချောင်းသဲ၊ကျောက်စရစ် | | | |
| | | ငွေကြေးထည့်ဝင်ရခြင်း | ရှိခြင်း | | | |
| | အသိပညာဗဟုသုတ | -ဖတ်စရာစာအုပ်စာနယ် | လူငယ်များမှ စိတ်ပါဝင် | ရန်ပုံငွေမရှိခြင်း | မြို့နယ်ပြန်ဆက်ဦးစီး | မြို့နယ်ပြန်ဆက်ဦးစီး |
| | နည်းပါးခြင်း | ဇင်း၊သတင်းစာမရှိခြင်း | စားမှုရှိခြင်း | | ဌာနနှင့်ချိတ်ဆက်၍ စာ | ဌာနနှင့်ချိတ်ဆက်၍ စာ |
| | | -စာဖတ်သည့်အလေ့အထ | | | ပေဟောပြောပွဲများနှင့် | ပေဟောပြောပွဲများ ၊ |
| | | မရှိခြင်း | | | စာဖတ်ဝိုင်းများကျင်းပ | စာဖတ်ဝိုင်းများကျင်းပ |
| | | | | | ခြင်း | ခြင်း |
| | အလုပ်အကိုင်အခွင့် | -နည်းပညာမရှိခြင်း | လူငယ်များမှ အသက် | သင်တန်းတက်ရန် | အရင်းအနှီးနှင့် နည်း | အရင်းအနှီးနှင့် နည်း |
| | အလမ်းရှားပါးခြင်း | -အလုပ်အကိုင်ရှားပါးလာ | မွေးဝမ်းကျောင်းသင် | အချိန်နှင့်ငွေကြေး | ပညာပံ့ပိုးပေးခြင်း | ပညာပံ့ပိုးပေးခြင်း |
| | | ခြင်း | တန်းတက်ရန်စိတ်ပါ | လိုအပ်ခြင်း | | |
| | | -အဆက်အသွယ်ကောင်း | ဝင်စားမှုရှိခြင်း | | | |
| | | များမရှိခြင်း | | | | |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၄ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၈ | ၃၈ | ၇၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၀ | ၄၁ | ၉၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၁ | ၃၈ | ၈၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၉၀ | ၅၄၆ | ၁၀၃၆ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၅၂ | ၆၃ | ၁၁၅ |
| **စုစုပေါင်း** | | **၆၈၈** | **၇၃၀** | **၁၄၁၈** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၃၃** | | |

ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောသူ ပေါများပါသည်။ သို့သော် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးမှုကြောင့် ကျေးရွာ၏ စီးပွားရေး အခြေအနေ မကောင်းပါ။ ကျေးရွာတွင် လူဦးရေ စုစုပေါင်း (၁၄၁၈) ဦး ရှိပါသည်။ သက်ကြီးရွယ်အို (၁၁၅) ဦး ရှိသည့် အနက် မိသားစု စောင့်ရှောက်မှု မရှိသော အိမ်ထောင်စုမှာ (၄) ဦး ရှိပါသည်။ ထိုသူများအား နီးစပ် ရာ အိမ်များမှ ဝိုင်းဝန်းစောင့်ရှောက်ကြပါသည်။ ကျေးရွာတွင် အိမ်ထောင်စု (၃၃၃) စု ရှိပြီး တစ် အိမ်ထောင် ပျမ်းမျှလူဦးရေမှာ (၄.၃) ယောက်ခန့် ရှိသော်လည်း တစ်အိမ်ထောင်စုချင်း လူဦးရေမှာ မညီမျှပါ။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ✔ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ✔ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်✓နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်✓ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်✓နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ် ✔နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ် ✔နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ် ✔နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ် ✔နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ် ✔နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | | | | ☒ |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -

**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် ကိုယ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်သူ အိမ်ထောင်စု ( ) စု၊ မိသားစုဝင် လုပ်အားမှာ ( ) ယောက် ရှိ၍ အလုပ်လုပ်နိုင်သူဦးရေ များပြားပြီး အလုပ်အကိုင် အခွင့် အလမ်း နည်းပါးသောကြောင့် ဝင်ငွေ၊ ထွက်ငွေ မမျှတမှု ဖြစ်ရပါသည်။ လူဦးရေများသော အိမ် ထောင်စုမှာ လုပ်အားကောင်းသော်လည်း ယာမြေပိုင်ဆိုင်မှု နည်းပါးသောကြောင့် အခက်အခဲ တွေ့ ရပါသည်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ကြသူများမှာ များသောအားဖြင့် သာမန် ကုန်စုံဆိုင်နှင့် ကွမ်း ယာဆိုင်လေးများသာ ရှိပါသည်။ ကျန်သောအချိန်များတွင် ကျပန်းလုပ်ငန်းများကိုသာ လုပ်ကိုင် ကြပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ နေ့စားလုပ်အားခန္နှုန်းထားများအား လယ်ယာလုပ်ငန်းတွင် ကျား၊ မ ခွဲခြားသတ်မှတ်ထားခြင်း မရှိသော်လည်း လက်သမား၊ ပန်းရံလုပ်ငန်းတွင် ကျား၊ မ ခွဲခြားသတ်မှတ်ထားသည်ကို တွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၂၃၉ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၂၃၉** | ☒ |

ရင်းမြစ် ...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ယာမြေပိုင်ဆိုင်မှုမှာ (၁၂၃၉) ဧက ရှိပြီး နှမ်း၊ ဝါ ၊ ကုလားပဲ၊ ပဲစဉ်းငုံသီးနှံများကိုသာ အဓိကထား၍ စိုက်ပျိုးပါသည်။ ဆောင်းရာသီတွင် ငရုတ်၊ ခရမ်းချဉ်သီးနှံများကိုသာ အဓိကထား၍ စိုက်ပျိုးနိုင်ပါသည်။ ကျေးရွာ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ရှိပြီး ဆည်ရေမရနိုင်သော ကျေးရွာဖြစ်၍ မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးရသည့်အတွက် စိုက်ပျိုးရေးကဏ္ဍတွင် အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်နိုင်မှု မရှိကြောင်း တွေ့ရပါသည်။

**ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ ✔ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ✔ |
| ကျောက်၊ သဲ၊ ကျောက်စရစ် | များ☐ သင့်☐ နည်း☐ မရှိ ✔ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ✔ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| စသည်များ | | |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့် ✔ နည်း☐ မရှိ☐ | လွယ်☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☐ မရှိ ✔ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဓါတ်သတ္တု၊ အခြားတွင်းထွက်နှင့် သယံဇာတများ မရှိပါ။ ကျေးရွာ၏ နွားစာရရှိမှု အနေအထားမှာ သင့်တင့်လျောက်ပတ်စွာ ရရှိပါသည်။

## (ဃ) ဉစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဉစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂ ဧက | ၅ ဧက | ၃ ဧက | ၁ ဧက |
| အိမ်အခြေအနေ | တိုက်/တိုက်ခံ | ပျဉ်ထောင်/သွပ်မိုး | ထရံကာ/သွပ်မိုး | ဥပင်အိမ်/ထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ဖောကား၊ Truck ကား၊ ဆိုင်ကယ်၊ဖုန်း | ဆိုင်ကယ်၊ဖုန်း၊ စလောင်း | ပေါက်တူး၊ ပေါက်ပြား | - |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး၊ အရောင်းအဝယ် | ဥယျာဉ်ခြံ စိုက်ပျိုးရေး | စိုက်ပျိုးရေး | ကျပန်း |
| **အိမ်ထောင်စု** | ၅၀ | ၁၀၀ | ၁၁၅ | ၅၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အိမ်ထောင်စုများသည် တောင်သူလုပ်ငန်းတွင် အဓိက လုပ်ကိုင်ကြပြီး အလယ်အလတ်နှင့် မပြေလည်သောအဆင့်ရှိ အိမ်ထောင်စုများသည် လက်သမား နှင့် ပန်းရံလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများ အနေဖြင့် ကျေးရွာတွင် ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ကြပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက်ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ____မရှိ______<br>အစာလျှော့စား = _____မရှိ______<br>အထောက်အပံ့ယူ = _____မရှိ______<br>ချေးယူ = _____မရှိ______<br>လုပ်အားခကြိုယူ= ____မရှိ_______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၇၀ | အခြားအစာပြောင်းလဲစား= ____မရှိ______<br>အစာလျှော့စား= ______မရှိ_____<br>အထောက်အပံ့ယူ = ____၂၀ ______<br>ချေးယူ = _____၃၀______<br>လုပ်အားခကြိုယူ= _____၂၀______ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁၂၀ | အခြားအစာပြောင်းလဲစား= _____မရှိ______<br>အစာလျှော့စား = ______မရှိ_____<br>အထောက်အပံ့ယူ = ____၄၀_______<br>ချေးယူ = ____၆၀_______<br>လုပ်အားခကြိုယူ= ______၂၀_____ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဥစ္စာခနေအဆင့် ၃ နှင့် ၄ ရှိ အိမ်ထောင်စုပေါင်း၏ (၃၀%) မှ ကောက်ယူထားခြင်းဖြစ်ပါသည်။ နွေရာသီတွင် အလုပ်အကိုင်ရှားသောကြောင့် ဆင်းရဲသောအိမ်ထောင်စုများအနေဖြင့် စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးအတွက် အဆင်ပြေမှု ရှိစေရန် သမအသင်း အစုအဖွဲ့များနှင့် အပေါင်ဆိုင်များမှ အတိုးဖြင့်ချေးယူခြင်း၊ ဆွေမျိုးများနှင့် မိတ်ဆွေများ၏ ထောက်ပံ့ကူညီမှုများရယူ၍ ဖြေရှင်းကြရပါသည်။

### (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၂ | ၂ | ၄ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို အရေအတွက်မှာ အနည်းငယ်မျှသာရှိပြီး ၎င်းပုဂ္ဂိုလ်များကို ကျေးရွာမှ ဝိုင်းဝန်းစောင့်ရှောက်ကြပြီး နီးစပ်ရာ အိမ်များနှင့် ဆွေမျိုးများမှ စားဝတ်နေရေးအတွက် ဖေးမကူညီကြပါသည်။

## (၈-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ✔လတ် ☐နိမ့်☐မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၆ | မုန်တိုင်း | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ✔လတ် ☐နိမ့်☐မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာတွင်းရှိ တောင်သူများသည် ရာသီအချိန်တွင်သာ အဓိကထား ကြိုးစားလုပ်ကိုင်ကြရ၍ စားဝတ်နေရေးအတွက် အချို့မှာ အဆင်ပြေ၍ အချို့မှာ အဆင်မပြေကြပါ ။ တောင်သူများတွင် မိုးကြီးခြင်း၊ မိုးခေါင်ခြင်း၊ စိုက်ပျိုးရေ ရှားပါးခြင်း၊ သစ်တောပြုန်းတီးခြင်းများကို အဓိက ခံစားရပါသည်။ ရာသီဉတုကိုသာ မှီခိုရသော တောင်သူများဖြစ်၍ ကျေးရွာ၏ စီးပွားရေး အခြေအနေမှာ ကျဆင်းနေပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | **ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐လတ် ✔နိမ့်☐မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✔ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ☐နိမ့် ✔မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းရှိ လက်လုပ်လက်စား ကျပန်းလုပ်ကိုင်သူများသည် ဒေသတွင်း ပုံမှန်ဝင်ငွေရ အလုပ်အကိုင်ဖြစ်သော လက်သမား၊ ပန်းရံလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ပြီးပုံမှန်ဝင်ငွေရရှိသော်လည်း အခြေခံစားသောက်ကုန်များ ဈေးနှုန်းမြင့်မားခြင်းကြောင့် ထိခိုက်လွယ်မှုများ ရှိပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | သမဝါယမ အဖွဲ့ | ၁✔ ၂☐ ၃☐ | ၈၀ | ၂၅ | ၁၀၅ | ပညာရေး☐ငွေကြေး ✔<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၂ | စိုက်/ဘဏ် | ၁✔ ၂☐ ၃☐ | ၆၀ | ၉ | ၆၉ | ပညာရေး☐ငွေကြေး ✔<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၃ | အုပ်ချုပ်ရေး အဖွဲ့ | ၁☐ ၂✔ ၃☐ | - | ၃၄ | ၃၄ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✔ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၄ | ဓမ္မစကူးလ် | ၁☐ ၂☐ ၃✔ | ၅ | ၂၆ | ၃၁ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၅ | ဓမ္မရက္ခိတ အဖွဲ့ | ၁☐ ၂☐ ၃✔ | ၁၅ | ၁၅ | ၃၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၆ | ဝတ်အသင်း | ၁☐ ၂☐ ၃✔ | - | ၁၅ | ၁၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၇ | ရပ်မိရပ်ဖ | ၁☐ ၂✔ ၃☐ | ၁၀ | - | ၁၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် ကျေးရွာလူထုမှ ရွေးချယ်တင်မြှောက်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဖွဲ့အစည်းအသီးသီးမှ မိမိကဏ္ဍအလိုက် ကြိုးပမ်းစွမ်းဆောင်ကြသည်ကို တွေ့ရှိရပါသည်။

### (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၅ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်ထောက်ပံ့ပေးသည့် ပြင်ပအဖွဲ့အစည်းများ မရှိသော်လည်း ဇနိန္နာရာမဘုန်းကြီးကျောင်းတွင် နှစ်စဉ်နှစ်တိုင်း သင်ကြား ပေးနေသာ ဓမ္မစကူးလ်သင်တန်း ဖြစ်မြောက်ရေးတွင် ကျေးရွာရှိ ပရဟိတအဖွဲ့မှ ဦးဆောင်ဦးရွက် ပြု၍ ဆောင်ရွက်ပေးလေ့ရှိကြောင်း တွေ့ရှိရပါသည်။

## (ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

## (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၉၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၃၂ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၃၉ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၄၈ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၁ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၃၁၅ | ☒ |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းရှိ စိုက်ပျိုးမြေပိုင်ဆိုင်သည့် တောင်သူများသည် လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး မြေယာမဲ့အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကျပန်းလုပ်ကိုင်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပန်းရံနှင့် လက်သမားလုပ်ကိုင်ခြင်း၊ အစိုးရဝန်ထမ်းအလုပ်များတွင် လုပ်ကိုင်ကြောင်း တွေ့ရှိရပါသည်။

### (၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | ၈ | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ✔ မဖြေဆိုပါ☐ | ရှိ ✔ မရှိ☐ မဖြေဆိုပါ☐ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၅ | အဝီစိတွင်း | ၃၆.၈၅ | တစ်နှစ်ပတ်လုံး ✔ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ ✔ မရှိ☐ မဖြေဆိုပါ☐ |
| ၆ | လက်ငင် ရေတွင်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၈ | ချောင်းရေ | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအနီး ပတ်ဝန်းကျင်တွင် အရာတော်ချောင်း ရှိသော်လည်း တစ်နှစ်ပတ်လုံး ရေမစီးသည့်အတွက် စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပြီး ကြက်သွန်နီနှင့် အခြား ဟင်းသီးဟင်းရွက်သီးနှံများကို ဥယျာဉ်ခြံများတွင် အဝီစိတွင်းရေကို အသုံးပြု၍ စိုက်ပျိုးကြပါသည်။ ဇောခီဆည်ရေသောက် လယ်ဧကများရှိသော်လည်း (၈) ဧကသာ စိုက်ပျိုးနိုင်ပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| နှမ်း | ၆၃၄.၉၄ | တင်း | ၃ | ၁၀ | ၅ | ကဆုန် | နယုန် | မြင့်☐လတ် ✔နိမ့်☐ | မြင့်☐လတ်☐နိမ့် ✔ |
| ဝါ | ၃၃၀ | ပိဿာ | ၁၀၀ | ၂၀၀ | ၁၅၀ | ဝါခေါင် | တော်သလင်း | မြင့်☐လတ် ✔နိမ့်☐ | မြင့်☐လတ် ✔နိမ့်☐ |
| ပဲကြီး | ၅၀ | တင်း | ၃ | ၁၀ | ၅ | သီတင်းကျွတ် | တန်ဆောင်မုန်း | မြင့်☐လတ် ✔နိမ့်☐ | မြင့်☐လတ် ✔နိမ့်☐ |
| ပဲစဥ်းငုံ | ၇၀ | တင်း | ၃ | ၇ | ၅ | ကဆုန် | နယုန် | မြင့်☐လတ် ✔နိမ့်☐ | မြင့်☐လတ်☐နိမ့် ✔ |
| ကြက်သွန်နီ | ၁၅ | ပိဿာ | ၁၀၀၀ | ၃၀၀၀ | ၂၀၀၀ | တန်ဆောင်မုန်း | နတ်တော် | မြင့်☐လတ် ✔နိမ့်☐ | မြင့်☐လတ် ✔နိမ့်☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နှမ်းစိုက်ဧက အများဆုံးဖြစ်ပြီး နှမ်းနှင့်ပဲစဉ်းငုံ သီးနှံများအား အချိန်ကာလ တစ်ခုတည်းတွင်သာ စိုက်ပျိုးကြပါသည်။ သီးနှံမျိုးစေ့များအား ပြင်ပမှ ဝယ်ယူခြင်းမရှိဘဲ မိမိတို့ကျေးရွာတွင်းရှိ မျိုးစေ့များကိုသာ စိုက်ပျိုးကြပါသည်။ ပဲစဉ်းငုံသီးနှံမှာ အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရသဖြင့် တောင်သူများတွင် ဆုံးရှုံးမှု ပိုမိုများပြားပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၂ | - | - | ၁၅၀ |
| လက်တွန်းထွန်စက် | ၂ | - | - | - |
| အစေ့ချ ကိရိယာ | - | - | - | - |

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | ၁ | - | - | ၇၀ |
| ရေစုပ်စက် | ၅၉ | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | - | - | - | - |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တောင်သူနှစ်ဦးမှ ထွန်စက်တစ်စီးစီဝယ်ယူထားရှိပြီး ကျေးရွာရှိ တောင်သူများမှ လယ်ယာလုပ်ငန်းတွင် ထွန်ယက်ရန်လိုအပ်ပါက အဆိုပါထွန်စက်နှစ်စီးကို ငှါး ရမ်းလုပ်ကိုင်ကြပါသည်။ ရေစုပ်စက်များကို မိမိပိုင်လယ်ယာလုပ်ငန်းတွင်သာ အသုံးပြုရန်အတွက် ဝယ်ယူထားခြင်း ဖြစ်ပါသည်။

### (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ ✔ မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ ✔ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | ပေါများ☐အသင့်အတင့်ရှိ ✔ မဖြေဆိုပါ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ ရသည် ✔ မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည်☐<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည် ✔ မဖြေဆိုပါ ☐ |
| နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည် ✔ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐<br>သီးနှံများကို ရောင်းချနိုင်သည် ✔ မဖြေဆိုပါ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

